Parent online payments

NSW GOVERNMENT | Education

# မိဘများ အွန်လိုင်းမှ ငွေပေးချေခြင်း

## မိဘများနှင့် ပြုစုစောင့်ရှောက်သူများအတွက် သတင်းအချက်အလက်

ယခုအခါ ကျောင်းသားများအတွက် ကုန်ကျမည့် စရိတ်များကို ကျောင်းသို့ Westpac က တည်ထောင်ထားသော လုံခြုံသည့် အွန်လိုင်း စာမျက်နှာမှတဆင့် ပေးချေနိုင်ပြီ ဖြစ်သည်။ ငွေပေးချေမှုကို Visa သို့မဟုတ် MasterCard ငွေပေးချေအကြွေးကဒ် (ခရက်ဒစ်ကဒ်) သို့မဟုတ် ကြိုတင်ငွေဖြည့် ငွေပေးချေကဒ် (ဒက်ဘစ်ကဒ်) များဖြင့် ပေးချေနိုင်ပြီး ကွန်ပြူတာ၊ တက်ဘလက် သို့မဟုတ် လက်ကိုင်ဖုန်းများမှ တစ်ဆင့် ပေးချေနိုင်ပြီဖြစ်သည်။ ငွေပေးချေရမည့် စာမျက်နှာကို ကျောင်း၏ဝက်ဘ်ဆိုဒ် ပထမ စာမျက်နှာမှ ဝင်ရောက်ပြီး $ Make a payment ($ ငွေပေးချေခြင်း)ကို ရွေးချယ်ရပါမည်။

Westpac သည်မကြာသေးမီက အဆင့်မြှင့်တင် ထားသော စနစ်ဖြင့် အသေးစိတ် အချက် အလက်များ ထည့်သွင်းရန် အချိန်ပို ပေးထားပြီး မိဘများအတွက်လည်း ငွေပေးချေရန် အလိုအလျှောက် အချက်အလက်ဖြည့်သွင်းသော စနစ်ကို ပြုလုပ်ပေးထားသောကြောင့် အချက် အလက်များ ထပ်ခါထပ်ခါ ထည့်စရာ မလိုတော့ပါ။ ငွေပေးချေမှုကို ဘဏ်ငွေစာရင်းမှ တဆင့် ငွေပေးချေ အကြွေးကဒ် (ခရက်ဒစ်ကဒ်) သို့မဟုတ် ကြိုတင်ငွေဖြည့် ငွေပေးချေကဒ် (ဒက်ဘစ်ကဒ်) များဖြင့် ပြုလုပ်နိုင်ပြီဖြစ်သည်။

ငွေပေးချေနိုင်သည့် အမျိုးအစားများတွင် ကျောင်းသို့ မိမိသဘောဖြင့် ငွေထည့်ဝင်ခြင်း၊ ပြင်ပ လေ့လာရေး ခရီးထွက်ခြင်း၊ ကျောင်းသားများသို့ ရောင်းချသည့်ပစ္စည်းများ၊ တီထွင်ကြံဆသော လက်တွေ့အနုပညာ လုပ်ငန်းများ (တီးဝိုင်း၊ ပြဇာတ်၊ အက တို့ပါဝင်သည်) စသည့် ကိစ္စများ ပါဝင်သည်။ အဆိုပါခေါင်းစဉ်များတွင် မပါဝင်သော အမျိုးအစားအတွက် "အခြား" ဟုသတ်မှတ် ထားသည့် အမျိုးအစားလည်း ပါရှိသည်။ "အခြား" ကို ကျောင်း၏ ငွေစာရင်းရှင်းတမ်းအတွက် ငွေပေးချေမှုအပြည့်အစုံ ပြုလုပ်ရန် အသုံးပြု နိုင်သည်။

$ Make a payment ကို ဝင်ရောက်လျှင် အောက်ပါတို့ကို ဖြည့်သွင်းရမည်။

- ကျောင်းသားအမည်
- အတန်း
- မွေးနေ့

ကျောင်းသားများ၏ အချက်အလက်များကို စနစ်ထဲတွင် သိမ်းဆည်းထားခြင်း မရှိသောကြောင့် အဆိုပါ အသေးစိတ်အချက်များကို ငွေပေးချေတိုင်း ထည့်သွင်းရမည်။

Westpac က တည်ထောင်ထားသော လုံခြုံသည့် ငွေပေးချေမှုစနစ်ဖြစ်၍ သင်၏ ခရက်ဒစ်ကဒ် သို့မဟုတ် ဒက်ဘစ်ကဒ် တွင်ပါရှိသော အချက် အလက်များကို လုံခြုံစွာသိမ်းဆည်း ထားမည် ဖြစ်သည်။ ထိုအချက်အလက်များကို ကျောင်းသို့ ပေးပို့မည်မဟုတ်ပါ။

ငွေပေးချေမှု မပြုလုပ်မီ ငွေပေးချေမှုဆိုင်ရာ အချက်အလက်များကို ပြန်စစ်ခြင်း၊ ပြောင်းလဲခြင်း တို့ ပြုလုပ်နိုင်သည်။ ငွေရပြေစာကို အီးမေးဖြင့်/သို့မဟုတ် ပုံနှိပ်ပြီး ပို့ပေးလိမ့်မည်။

ငွေပေးချေမှု အသေးစိတ်ကို ကျောင်းသို့  နေ့ စဉ်ပို့ပေးပြီး ကျောင်းက သင့်ကလေး၏ ဖိုင်တွဲတွင် ပြေစာကိုထည့်သွင်းထားမည်။ ပြေစာကို သင့်ထံသို့ ငွေပေးချေမှုစာမျက်နှာမှ တိုက်ရိုက်ပေးသောကြောင့် ကျောင်းက ပြေစာ နောက်တစ်စောင် ထုတ်ပေးလိမ့်မည် မဟုတ်ပါ။

အွန်လိုင်းငွေပေးချေမှုလုပ်ငန်းစဉ်အကြောင်း စုံစမ်းလိုလျှင် ကျေးဇူးပြု၍ ကျောင်းအုပ်ချုပ်ရေးရုံးသို့ ဆက်သွယ်ပါ။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ကျောင်းနှင့်ဆက်သွယ်ရာတွင် အင်္ဂလိပ်လိုပြောရန် အကူအညီလိုအပ်ပါက တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှုလုပ်ငန်းသို့ 131 450 နံပါတ်အား ဖုန်းဆက်ခေါ်ပါ။ မည်သည့် ဘာသာစကား လိုကြောင်း သူတို့ကို ပြောပြပါ။ ကျောင်းသို့ ဖုန်းဆက်ပေးရန် ဖုန်းဖြေသူအား ပြောပါ။ ဖုန်းဖြေသူက သင်စကားပြောရာတွင် ကူညီရန် စကားပြန်တစ်ဦးကို ဖုန်းလိုင်းပေါ် ခေါ်ပေးလိမ့်မည်။ ထိုဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးရန်မလိုပါ။